## ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
## Yangon Protestant Reformed Church
## တနင်္ဂနွေစာစောင်

နေ့စွဲ - ၂. ၅. ၁၀

# ဘုရားသခင်၏အကြံအစည်တော်နှင့်လူသား၏တာဝန်ရှိနေခြင်းသဘောတရား

(God's Counsel and Man's Responsibility, Rev. Herman Hoeksema)

ကျမ်းစာကို အခြေခံလျှက် ကျွန်တော် ဤဖော်ပြချက်နှင့် စတင်ပါမည်။ ဘုရားသခင်သည်သာ ပထမအကြောင်းအရာ(the first cause)ဖြစ်ပါသည်။ လူသားသည် ကိုယ်ကျင့်သိက္ခာအတွက် တာဝန်ရှိသောသူ ဖြစ်နေသော်လည်း၊ ကောင်းခြင်းဖြစ်စေ၊ ဆိုးခြင်းဖြစ်စေ ပထမအကြောင်းတရားသည် ဘုရားသခင်သာ ဖြစ်ပါသည်။ လူသား၏ လွတ်လပ်ခြင်းနှင့်၊ တာဝန်ယူရခြင်းက ဘုရားသခင်၏ အကြံအစည်တော်၊ စောင့်မတော်မူခြင်းတို့နှင့် မည်သည့်အခါတွင်မျှ အတူတူတွဲဖက်၍ ဆောင်ရွက်ခြင်း မရှိနိုင်ပါ။ လွတ်လပ်ခြင်းနှင့် တာဝန်ယူရခြင်းတို့သည် ဘုရားသခင်၏ အကြံအစည်တော်၊ စောင်မတော်မူခြင်းတို့ကို အမြဲ မှီခိုနေရပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ဘုရားသခင်ဖြစ်တော်မူ၍ လူသားဆိုသည်မှာ၊ ကိုယ်ကျင့်တရားနှင့် တာဝန်ယူတတ်သောသူဖြစ်စေကာမူ၊ သေးငယ်လှသောဖန်ဆင်းခံသတ္တဝါတမျိုးမျှသာ ဖြစ်ပါသည်။ ဘုရားသခင်သည်၊ မိမိ၏ရည်ရွယ်တော်မူချက် ပြည့်မြောက်ရန်၊ လူ၏အပြုအမူများ၊ အတွေးအခေါ်များ၊ အကြံအစည်များ အားလုံးတို့ကို အမြဲတမ်း ပြည့်ဝသော ထိန်းချုပ်မှုဖြင့် ထိန်းချုပ်လမ်းညွှန်လျှက် ရှိသည်။ ထို့ကြောင့် လူသည် အမြင့်ဆုံးသော ဘုရားသခင့် လက်တော်ထဲရှိ ပုဆိန်တချောင်းသာ ဖြစ်နေပါသည်။ လူသား၏ အပြုအမူ ဆောင်ရွက်ချက်များကို အဓိက အဆုံးအဖြတ်ပေးသော အကြောင်းတရားသည် ဘုရားသခင်သာ ဖြစ်ပါသည်။ ဤကမ္ဘာပေါ်တွင် အကြောင်းအရာ တရပ် ဖြစ်ပျက်သွားရန် ဖြစ်စေသော အကြောင်းတရား နှစ်ခု မရှိပါ၊ နှစ်ခုထက်ပို၍လဲ မရှိပါ၊ တခုနှင့်တခု တွဲဖက် လုပ်ဆောင်ကြသည့် အကြောင်းတရား ဆိုသည်မျိုးလည်း မရှိပါ၊ ဘုရားသခင်သည်သာ အကြောင်းတရားဖြစ် ပါသည်၊ သူသည်သာ တကယ့်ကို အစိုးရတော်မူသူ ဖြစ်ပါသည်။ ငါတို့ဘုရားသခင်သည် ကောင်းကင်အထပ်ထပ်တွင် နေတော်မူ၏၊ သူစိတ်ကြိုက်သည့်အရာ မှန်သမျှကို ပြုတော်မူ၏ဟု ဆာလံ ၁၁၅း၃တွင် ပြောထားပါသည်။

ထိုအချက်က ဘုရားသခင့်အစိုးရတော်မူခြင်းနှင့် ကိုယ်ကျင့်တရားတည်ဆောက်နိုင်သောလူသား၏အကြားတွင်ရှိသည့် မှန်ကန်သောဆက်နွယ်မှုအသိအမြင်ကို ဖော်ပြနေပါသည်။ သို့သော် ပြဿနာကိုတော့ ဖြေရှင်းပေးနိုင်ခြင်း မရှိသေးပါချေ။ ထိုအချက်နှင့်ပတ်သက်၍ အနည်းငယ်သောအလင်းရရန် မေးခွန်း(၂)ခုကို အဖြေပေးရပါဦးမည်။ ပထမမေးခွန်း၊ လူသားတွင် တာဝန်ရှိသည်ဟု မည်သို့ ပြောနိုင်သနည်း? အဖြေကိုရရန် နောက်မေးခွန်းတခုထပ်မေးရပါမည်။ တာဝန်ရှိသည်ဆိုသည်မှာ အဘယ် နည်း? တာဝန်ရှိဖို့အတွက် အစိုးရသော လွတ်လပ်ခြင်းနှင့်၊ ကိုယ်ကျင့်တရားအရ အမှီအခိုကင်းခြင်းတို့ သည် အရင် လိုအပ်နေပါသလား? လိုအပ်နေပါသည်ဟု ဆိုခဲ့လျှင် လူသားတွင် တာဝန်မရှိပါ ဟုသာ နိဂုံးချုပ်ရတော့မည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူသားက ထိုသို့သောလွတ်လပ်ခြင်းမျိုးကို ဘယ်တုန်းကမှ မပိုင်ဆိုင်ခဲ့ဘူးသောကြောင့် ဖြစ်သည်။ ဧဒင်ဥယာဉ် အပြစ်ထဲ မကျဆုံးခင်ကပင် ထိုသို့သော လွတ်လပ်ခြင်းမျိုးကို အာဒံ မပိုင်ဆိုင်ခဲ့ဘူးပါ။ သူ၏ ကိုယ်ခန္ဓာ ဖြစ်တည်မှုအတွက်ပင် လူသားသည် အသက်ရှင်သော ဘုရားသခင်အပေါ် တချိန်ပြီးတချိန် ဆက်တိုက် မှီခိုနေရပါသည်။ ဝိညာဉ်ရေးရာတွင်လဲ ထို့အတူပင် ဖြစ်ပါသည်။ အသိပညာနှင့်ပတ်သက်၍၄င်း၊ ကိုယ်ကျင့်တရားနှင့်ပတ်သက်၍၄င်း လူသည် အမြဲတမ်း ဘုရားသခင်ကိုသာ မှီခိုနေရသူဖြစ်ပါသည်။ သူသည် အမြဲတမ်း ဖန်ဆင်းခံသာ ဖြစ်ပါသည်။ ထို့ကြောင့် လူသည် လွတ်လပ်ပါသည်ဟု ပြောသည့်အခါ၊ ကျွန်တော်တို့ ဆိုလိုသည်မှာ သူသည် သူ၏ဘုရားသခင်အပေါ် လုံးလုံးလျှားလျှား မှီခိုနေရသောဘဝတွင် လွတ်လပ်နေပါသည်ဟု ပြော

လိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် တာဝန်ရှိသူဖြစ်ဖို့ရန်၊ အစိုးရသော လုံးဝဖြစ်သော လွတ်လပ်ခြင်းသည်
မလိုအပ်ပါ။ သို့သော် လူသည် မိမိလုပ်သော အပြုအမူများအားလုံးကို သေချာစွာသိသော၊ တွေးခေါ်
မျှော်မြင်နိုင်သော၊ အလိုဆန္ဒရှိသော သတ္တဝါဖြစ်ဖို့တော့ လိုအပ်ပါသည်။ လူသည် မိမိလုပ်သမျှသော အ
ရာတို့ကို အလိုဆန္ဒရှိ၍ လုပ်ခြင်း၊ မိမိလုပ်လိုသည်ကို သိလျှက် ရွေးချယ်လုပ်ကိုင်ခြင်း ဖြစ်ပါသည်။
ကျွန်တယောက်သည် မိမိ မလုပ်လိုသော အရာကို၊ မိမိ မုန်းတီးသော အရာကို၊ မိမိ၏ ဆန္ဒနှင့် ဆန့်
ကျင်လျှက်၊ မိမိ၏သခင်က ကြမ်းတမ်းသော အာဏာ အစိုးတရမှုနှင့် အခိုင်းခံရ၍၊ မလုပ်ချင်သော်
လည်း လုပ်ရခြင်းတွင် တာဝန်ယူရမှု မရှိနိုင်ပါ။ သို့သော် လူတယောက်သည် ဆန္ဒရှိလျှက်၊ ဩတ္တပစိတ်
မှ သိလျှက် အပြစ်လုပ်ခြင်း (သို့) ကောင်းသည်ကို လုပ်ခြင်းတွင် တာဝန်ရှိပါသည်။ အမြင့်ဆုံးသော ဘု
ရားသခင်က သူ၏ အကြံအစည်တော်၊ စောင်မတော်မူခြင်း စသည်တို့ဖြင့် ဝင်ရောက် ထိန်းသိမ်းနေပါ
သည်ဟု ပြောနေသော်လည်း၊ သူ ကြိုက်၍သာ အပြစ်ကို လုပ်ခြင်းဖြစ်သဖြင့်၊ လုပ်သောအပြစ်အတွက်
တာဝန်သည် ရှိကို ရှိနေပါသည်။ ထို့ကြောင့် အထက်က မေးခဲ့သော မေးခွန်းကို အဖြေပေးပါမည်၊ လူ
တွင် တာဝန်ရှိပါသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် အမြဲတမ်းပင် ကိုယ်ကျင့်တရား တည်ဆောက်
နိုင်သော သတ္တဝါ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သူ၏ ပြုမူခြင်း အားလုံးတို့ကို ဩတ္တပစိတ်နှင့် သိ
လျှက်၊ လိုချင်စွာနှင့် လုပ်ကိုင်နေပါသည်။ ယုဒက သခင်ဘုရားကို သစ္စာဖေါက်ပါသည်။ ထိုသို့ သစ္စာ
ဖေါက်ခြင်းတွင်၊ တဒင်္ဂ ခဏလေးမျှပင် သူ့ကို ပြင်ပမှ စွမ်းအားတခုခုက အတင်း သစ္စာဖေါက်ခိုင်း နေပါ
သည်ဆိုသည်မျိုး သူ မခံစားရပါ။ သူ၏ အလိုဆန္ဒကို ဆန့်ကျင်လျှက်၊ မရမက သူ့သခင်ကို ရောင်းစားရ
သည့် အဖြစ်မျိုးသို့ တွန်းပို့ခံနေရပါသည် ဆိုသည်မျိုးမရှိပါ။ ထိုသို့ ယုဒကို သူ့ပြင်ပမှ တွန်းအားပေး
သည့်အချက် တခုမှ မရှိပါ။ ထို့ကြောင့် ယုဒတွင် တာဝန်ရှိပါသည်။ သူ၏အပြစ်ကို သူကလုပ်ခြင်း ဖြစ်
သည်။ ထို့နောက် ဘုရားသခင်၏ တရားစီရင်ခြင်းကို ခံရသည်၊ မိမိဩတ္တပစိတ်၏ စီရင်ခြင်းကိုလည်း ခံ
ရပါသည်။ ဂျူးခေါင်းဆောင်များက ယေရှုကို တရားစီရင်ကာ လက်ဝါးကပ်တိုင်တွင် သတ်လိုက်ကြ
သည်။ ထို ရာဇဝတ်မှုကို ကျူးလွန်ခြင်းတွင် သူတို့သည် သိလျှက်၊ ဆန္ဒရှိလျှက် ကျူးလွန်ကြသည်။ သူတို့
နှလုံးသားများမှ ရွေးချယ်ခြင်းနှင့် လက်တွေ့ကျူးလွန်ခြင်း ကြားထဲတွင် တခုနှင့်တခု ဆန့်ကျင်ခြင်း ဘာ
တခုမှ မရှိပါ။ သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ် တွဲလောင်းချိတ်နေခြင်းသည် သူတို့နှလုံးသားများက
အလွန်ဖြစ်စေချင်သော အရာဖြစ်သည်၊ တောင့်တသော အရာဖြစ်သည်။ သူတို့သည် မိမိတို့က မလုပ်
ချင်ပါသော်လည်း ပြင်ပမှ စွမ်းအားတခုခုက အတင်းရော အဓမ္မရော သူတို့ကိုလုပ်ခိုင်းသောကြောင့် ဤ
ရာဇဝတ်မှုကြီးကို ကျူးလွန်ရပါသည် ဆိုသည်မျိုး မခံစားကြပါ၊ လုပ်ချင်၍ လုပ်ကြခြင်း ဖြစ်ပါသည်။ ထို့
ကြောင့် သူတို့အပြစ်ကို လုပ်သောသူသည် သူတို့သာ ဖြစ်ကြပါသည်။ ထို့နောက် သူတို့သည် ဘုရားသ
ခင်၏ ဖြောင့်မတ်သော တရားစီရင်ခြင်း အပြစ်တင်ခြင်းကို ခံကြရသည်။ ပုန္တိပိလတ်မင်းက သခင်ယေရှု
ကို လပ်ဝါးကပ်တိုင်တင်ဖို့ ဆန္ဒရှိစွာ၊ ဩတ္တပစိတ်မှ သိလျှက် အမိန့်ချမှတ်ပါသည်။ သူ့ဟန်ပန်များကို
ကြည့်ရသည်မှာ၊ သူ့တွင်အပြစ်မရှိစွာ လုပ်ဆောင်ခဲ့ပါသည်ဟု ဆိုချင်ပုံရနေသော်လည်း၊ ထိုသို့ပြုခြင်းက
သူ၏ ဆိုးညစ်သော ဩတ္တပစိတ်ကို ပို၍ပြသရာ ရောက်နေပါသည်။ အာဒံ ဧဒင်ဥယာဉ်ထဲ ပြုခဲ့သော
ပထမဆုံး အပြစ်သည်လည်း ထိုနည်းနှင်နှင် ဖြစ်ပါသည်။ သူ့စိတ်ကြိုက် ပြုမူခဲ့ခြင်းကို ပြင်ပမှနေ၍ အ
တင်းအကြပ် လုပ်ဆောင်စေခြင်းမျိုး တခုမှမရှိပါ။ သူ၏ကိုယ်ပိုင်၊ ကိုယ်ကျင့်တရား လွတ်လပ်မှုမှ ပြုခဲ့
သော အပြုအမူ ဖြစ်ပါသည်။ ယနေ့ခေတ်လူများက ပြုကြသော အပြစ်နှင့် ပြုမူခြင်း အလုံးစုံသည်လည်း
ထို့အတူပင် ဖြစ်ပါသည်။ ထိုအမှန်တရားသည် မည်မျှ မှန်နေသည် ဖြစ်ပါသော်လည်း ဘုရားသခင်၏
အကြံအစည်တော်သည် အမြဲတမ်း အကောင်ထည် ပေါ်နေပါသည်။ အမြင့်ဆုံးသောသူသည် သူလုပ်
ချင်သမျှကို လုပ်နေတော်မူပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် လူသား၏ တာဝန်ရှိခြင်းနှင့် ကိုယ်ကျင့်တ
ရား ဩတ္တပစိတ်ကိုတော့ မည်သည့်အခါတွင်မျှ မပျက်စီးစေဘဲ အကောင်အထည်ဖေါ်ခြင်း ဖြစ်ပါသည်။
ဘုရားသခင်သည် ဖြစ်ပျက်သမျှတို့၏ အကြောင်းတရားဖြစ်သည်၊ သို့သော် လူသည် မိမိပြုမူသမျှတို့ကို
တာဝန်ရှိပါသည်။

ဒုတိယ မေးရမည့်မေးခွန်းမှာ - ထိုသို့ဆိုလျှင် ဘုရားသခင်သည် မည်သည်ကို ကြိုတင်၍ ဆုံးဖြတ်ထားသနည်း၊ လူသားများက အမြဲတမ်း သူ၏အကြံအစည်တော်အတိုင်းသာ ပြုမူဆောင်ရွက်ကြရန် ဘုရားသခင်သည် မည်ကဲ့သို့ လူသားများနှင့် အတူတကွ လုပ်ကိုင်တော်မူသနည်း? ဤမေးခွန်းကို အဖြေပေးသည့်အနေနှင့် ပထမဆုံး ကျွန်တော်ပြောချင်သည်မှာ ဘုရားသခင်သည် မည်သည့်အခါတွင်မျှ လူသား၏ အလိုဆန္ဒနှင့် လုပ်ကိုင်မှုတို့၏ အကြားသို့ ဝင်ရောက်လေ့ မရှိပါ။ ဘုရားသခင်က လူသားအပေါ် လွှမ်းမိုးတော် မူသည့်အခါ၊ လူသား၏ အလိုဆန္ဒနှင့် ပြုမူခြင်းကို မနှောက်ရှက်ပါ၊ ၎င်းတို့ ပေါ်ထွက်လာမှု၊ လုပ်ဆောင်မှု တို့ကိုလည်း မနှောက်ရှက်ပါ။ နောက်တနည်းနှင့် ပြောရလျှင်၊ ဘုရားသခင်သည် လူသား၏ အပြုအမူတို့ကို ချုပ်ကိုင်လွန်းသဖြင့်၊ လူသားသည် သူမလုပ်ချင်သော၊ သူဆန္ဒမရှိသော အလုပ်ကို အတင်းအဓမ္မ လုပ်ကိုင်ရပါသည် ဆိုသည်မျိုး လုံးဝမရှိပါ။  လူသားတို့၏ အတွေးအကြံများ၊ အလိုဆန္ဒများ၊ ပြုမူလုပ်ကိုင်ခြင်းများတို့သည် အမြဲတမ်း လူသားတို့၏ အရာများသာ ဖြစ်ကြပါသည်။ ဘုရားသခင်သည် ထိုအရာတို့၏ နောက်ကွယ်တွင်သာ ရှိတော်မူသည်။ စိတ်နှလုံးနောက်ကွယ်တွင်၊ အလိုဆန္ဒနောက်ကွယ်တွင်၊ လူသား၏နှလုံးသားနောက်ကွယ်တွင် ဘုရားသခင်သည် အမြဲတမ်းရှိလျှက် ကြိုးကိုင်ခြင်းဖြစ်သည်။ ရေစီးကြောင်းကို ကြိုက်သည့်နေရာသို့ စီးဆင်းစေသကဲ့သို့၊ သူ့အလိုတော်အတိုင်း ကိုင်တွယ်တော်မူပါသည်။ ဒုတိယအနေနှင့် ကျွန်တော် ပြောချင်သည်မှာ ဘုရားသခင်သည် ထိုအရာအားလုံးကို သူ၏ဝိညာဉ်တော်အားဖြင့် လုပ်ဆောင်တော်မူပါသည်။ အမြင့်ဆုံးသောဘုရားသခင်၏ ထိုသို့ လုပ်ကိုင်တော်မူခြင်းသည် ကျွန်တော်တို့အတွက် လျှို့ဝှက်နက်နဲလွန်းပါသည်။ ဘယ်လိုများ လုပ်ကိုင်တော် မူသနည်းဆိုသည်ကို လိုက်ရှာ၍ မဖြစ်နိုင်ပါ။ အနန္တတန်ခိုးတော်ရှင်၏ ခြေရာတော်တို့ကို ခြေရာခံ၍ မဖြစ်နိုင်ပါ။ သို့သော် ပြောရမည်မှာ၊ ဘုရားသခင်၏ဝိညာဉ်တော်ကသာ လူသားတို့ မိမိတို့အပြစ်များကို သိမြင်လာနိုင်အောင် လုပ်ပေးခြင်းဖြစ်သည်။ ဝိညာဉ်တော်ကသာ လူတယောက်ချင်းစီကို မိမိတို့၏ တာဝန်အား ခံယူရန် နှလုံးသားများအပေါ် တာဝန်ဆိုသည့်အသိစိတ်ကို တုတ်နှောင်ပေးပါသည်။ ထို့ ကြောင့် လူတယောက်သည် မိမိယူရမည့်တာဝန်ကို သိသည့်စိတ် မေ့သွားခြင်းမျိုး ဖြစ်ကို မဖြစ်နိုင်ပါ။ ဘုရားသခင်က သူမှန်ကန်ကြောင်း အမြဲပြတော်မူပါသည်။ သူမှန်ကန်ကြောင်း လက်ဝါးကပ်တိုင်ပေါ် တွင် ပြတော်မူသည်။ လောကကြီးသည် အပြစ်ဒဏ်ခံထိုက်ကြောင်း၊ ရွေးကောက်ထားသူတို့ကိုကယ်တင် ကြောင်း ပြသနေပါသည်။ သူသည် မှန်ကန်ကြောင်းကို လူတိုင်း၏ သြတ္တပစိတ်ထဲတွင် ပြောပြတော်မူပါ သည်။ သခင်ယေရှုကို မယုံကြည်ကြသောကမ္ဘာကြီးကိုလဲ သဘောပေါက်စေပါသည်။ သူ၏လူများကို လည်း သခင်ယေရှုကို ဝန်ခံယုံကြည်ခြင်းနှင့် နှိမ့်ချခြင်းသို့ ခေါ်ဆောင်ပါသည်။ ထို့နောက် မိမိမှန်ကန် ကြောင်းကို နောက်ဆုံးသော တရားစီရင်ခြင်းတွင် ပြတော်မူဦးမည် ဖြစ်ပါသည်။ ထိုအချိန်တွင် လူတိုင်း ၏ အပြစ်တို့သည် ထင်ရှားလာမည်ဖြစ်သည်။ မည်သူကမျှ ငြင်းဆန်၊ ငြင်းပယ်၍မရအောင် သြတ္တပစိတ် တိုင်း၌ ပေါ်လာစေမည်ဖြစ်သည်။ ထိုအချိန်တွင် လူတိုင်းက ဘုရားသခင်သည် မှန်တော်မူကြောင်း၊ သူ ၏တရားစီရင်ခြင်းက အားလုံးကို အောင်နိုင်ကြောင်း ဝန်ခံကြမည်ဖြစ်သည်။ ဤသို့သာလျှင် ဤပြဿ နာကို ကျွန်တော်တို့ တင်ပြနိုင်ပါမည်။ သို့သော် ဘုရားသခင်၏လမ်းတော်များကို အဆုံးတိုင်အောင် မမှီ ကြောင်းကိုလည်း ဝန်ခံကြပါသည်။ ဤတင်ပြပုံလမ်းကြောင်းနှင့်သာ ဘုရားသခင်သည်သာ တပါးတည်း သောဘုရားသခင် ဖြစ်ကြောင်း၊ သူကြိုက်သည်ကို ကြိုက်သလို ပြုလုပ်ကြောင်း ပြောနိုင်ပါမည်။ အပြစ်၊ ဆိုးညစ်ခြင်း၊ နတ်ဆိုးနှင့် သူ့အပေါင်းအပါများသည်လည်း ဘုရားသခင့်လက်တော်ထဲတွင် ရှိကြပါသည်၊ သူသည်သာ အရာအားလုံးကို ဖြစ်စေသော အကြောင်းတရားဖြစ်ပါသည်။ သူ၏လက်တော်ထဲတွင် ကျွန်တော်တို့သည် မိမိ တို့ကိုယ်ကို စိတ်ချစွာ အပ်နှံနိုင်ကြပါသည်။

+++++++++++++++++

**သေပြီးနောက်ကျွန်တော်တို့ဘဝများဆက်လက်ရှင်နေပုံ**

(Our Life After Death, Rev. Jason Kortering)

သေခြင်းတရားသည် ဆိုးရွားသောအဆိပ်ကို ပိုင်ဆိုင်ပါသည်။

မည်သူမဆို၊ မိမိချစ်ခင်ရသောသူ၊ သေကောင်းပေါင်းလဲဖြစ်နေသော အိပ်ရာဘေးရောက်လျှင် ထိုသို့ပင် ခံစားရပါသည်။ သေပြီးသူတယောက်နား ရပ်နေလျှက်၊ ကြည့်မြင်ရခြင်းသည် အတော်ထိတ်လန့်စရာကောင်းသော အချိန်အပိုင်းခြားတခု ဖြစ်ပါသည်။

တခါတရံ မူမှန်မဟုတ်သောဖြစ်ရပ်များသည် သေခြင်းဝေဒနာခံစားနေရသူနှင့် တွဲ၍ ပါလာတတ်ပါသည်။ တခါတရံ သေခါနီးလူတယောက် အားမရှိတော့သော လက်ချောင်းများကို အထက်ဖက်သို့ညွှန်ပြကာ၊ ကောင်းကင်တမန်များက သူ့ကိုလာခေါ်နေကြကြောင်း (သို့) သူတို့မြင်ရသော ကောင်းကင်နိုင်ငံတော်၏ ခန်းနားခြင်းများသည် မည်သို့ဖြစ်ကြောင်း ကြိုးစား၍ပုံဖေါ်ပြောပြနေသည်မျိုး ခင်ဗျားတွေ့ကောင်းတွေ့ဖူးပါလိမ့်မည်။ ယုံကြည်သူတယောက်သေခါနီးတွင် ထိုကဲ့သို့ ခန်းနားသော ကောင်းကင်နိုင်ငံမြင်ကွင်းကို တွေ့ရသဖြင့် သေဖို့ရာမစောင့်နိုင်တော့အောင်ဖြစ်ကြောင်း ပြောခြင်းမျိုးသည် တကြိမ်မက၊ ခဏခဏဖြစ်သော အဖြစ်အပျက် ဖြစ်ပါသည်။ ထိုသို့ပြောပြီးမကြာပါ၊ နောက်ဆုံးထွက်သက်ချသံကိုကြားရလျှက်၊ သေခြင်းတရားက အားလုံးကိုချုပ်ကိုင်သွားပါတော့သည်။ တချိန်က လှုပ်ရှားနေသူ၊ အသက်ရှူနေသူ၊ စကားပြောနေသူ၊ ချစ်ခင်ရသောသူသည် အေးခဲစွာနှင့်သေခြင်းထဲတွင် လဲလျောင်းနေပါသည်။

ထိုအချိန်မျိုးတွင် သေပြီးနောက် ဘာဆက်ဖြစ်မည်နည်း ဆိုသည့်မေးခွန်းကို အလျှင်အမြန် အဖြေပေးစရာ လိုလာပါသည်။ ယောဘက "လူသည်သေလျှင် အသက်ရှင်ပြန်ပါလိမ့်မည်လော"ဟုမေးခဲ့ပါသည် (ယောဘ ၁၄း၁၄)။ သေပြီးနောက်တွင် ထိုသူသည် ဆက်၍သာ အိပ်ပျော်နေပါသလား? သေခြင်းတရားက ဖြစ်တည်မှုအားလုံးကို အဆုံးသတ်ပစ်လိုက်ပါသလား? လူတယောက် ယျှဘဝ အဆုံးသတ်ခြင်းသည်၊ ပို၍ကောင်းသော နောက်ဘဝတခုကို ခံစားဖို့ရန် စတင်ခြင်းဖြစ်ပါသလား?

ထိုမေးခွန်းများ အရေးကြီးရခြင်းတွင် အကြောင်းနှစ်ရပ်ရှိပါသည်။

တမလွန်ဘဝအကြောင်းကို စိတ်ဝင်စားရခြင်းသည် စပ်စပ်စုစု လုပ်ချင်သောစိတ်ကြောင့် မဟုတ်ပါ။ ယျှဘဝကို ထားခဲ့သော သေဆုံးသွားသည့် ချစ်ခင်ရသောသူ ဘာဆက်ဖြစ်မည်နည်းဆိုသည်ကို သိချင်သောကြောင့် ဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်၌ ချစ်ခြင်းမေတ္တာတုတ်နှောင်မှုကိုတည်ဆောက်ခဲ့ပါသည်ဆိုလျှင်၊ သေဆုံးသွားသော ကျွန်တော်တို့ ချစ်ရသူသည် ဆက်လက်၍ ထိုသခင်ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ခံစားရပါမည်လား၊ ဆက်၍မခံစားရတော့ဘူးလား။ ထို့ကြောင့် ကျွန်တော်တို့၏ တမလွန်ဘဝအကြောင်းစိတ်ဝင်စားမှုသည် သေဆုံးသွားသူတယောက်ကိုပင် အဓိကမထားတော့ဘဲ စိတ်ဝင်စားခြင်းဖြစ်လာပါသည်။ ကျွန်တော်တို့၏စိတ်ဝင်စားမှုသည် သေဆုံးသွားသော ချစ်ရသူတယောက် ဆက်၍ ကောင်းမွန်စွာနေရပါသလားဆိုသည့်အပေါ်တွင် ကန့်သတ်၍ မဟုတ်တော့ပါ။ အဓိက စိတ်ဝင်စားရသည့်အကြောင်းမှာ ဤသို့ဖြစ်လာပါသည်၊ သေဆုံးသွားသောယုံကြည်သူတို့သည် ဘုရားသခင်၏ ဘုန်းတော်ကို ဆက်လက် ထင်ရှားစေကြပါသလား? ယျှဘဝ အသက်ရှင်ရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ ဘုရားသခင်ကို ချီးမွမ်းဖို့ဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသည်။ ထို့အတူ သေသောသူများကော ဖြစ်ကြပါသလား? သူ၏သန့်ရှင်းသူတယောက် သေဆုံးရခြင်းတွင် ဘုရားသခင်၏ ဘုန်းတော် ထင်ရှားပါသလား?

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့သည် တမလွန်အရေးအား စိတ်ဝင်စားခြင်းကို ပစ်ပယ်ထား၍ ရကိုမရနိုင်ဖြစ်ရပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့လည်း သေဦးမည်ဖြစ်သောကြောင့်ပင်။ ချွင်းချက်အနေဖြင့်၊ သခင်ယေရှု ဒုတိယအကြိမ်ကြွလာချိန်တွင် အသက်ရှင်နေကြဦးမည်ဖြစ်သည့် ယုံကြည်သူတို့တော့ မပါပါ (၁သက် ၄း၁၆၊ ၁၇)။ ကျွန်တော်တို့ သေဆုံးချိန်တွင် ဘာကိုမျှော်လင့်ရမည်နည်းဆိုသည်ကို တဦးချင်းအနေနှင့်လည်း သိဖို့ လိုအပ်လာပါသည်။

ဤအချက်နှင့်ပတ်သက်၍ ဘုရားသခင်၏ ကတိတော်တို့သည် သေချာသလို၊ ရှင်းလဲ ရှင်းလင်းလှပါသည်။ တမလွန်ဘဝနှင့်ပတ်သက်သည့် ကျမ်းစာ၏အမှန်တရားများကို လေ့လာကြရင်း၊ ဖတ်ရသူအယောက်တိုင်း၊ ရှင်ပေါလုနှင့်အတူ ဤကဲ့သို့ နိဂုံးစကားကို ပြောနိုင်ကြပါစေဟု ကျွန်တော်တို့ ဆုတောင်းပါသည်၊ "အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း? အိုမရဏာနိုင်ငံ၊ သင်၏အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း? သေမင်း၏လက်နက်ကား ဒုစရိုက်အပြစ်ပေတည်း၊ ဒုစရိုက်အပြစ်၏ တန်ခိုးကား၊ ပညတ်တရားပေတည်း၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှစွတကား။" (၁ကော ၁၅း၅၅-၅၇)

**ဝိညာဉ်၏ထာဝရဖြစ်ခြင်း၊ မပျောက်ပျက်နိုင်ခြင်းသဘော**(The Immortality of the Soul)

ကျွန်တော်တို့သည် သိပ်တွေးတောခြင်း မရှိဘဲ၊ လူ့ဝိညာဉ်၏မပျောက်ပျက်နိုင်ခြင်းအယူအဆကို ပြောလေ့ရှိတတ်ကြပါသည်။ ထိုမပျောက်ပျက်နိုင်ခြင်း (အင်မော်တဲလ်လီတီး)ဆိုသည့်စကားလုံးကို အဘိဓာန်စာအုပ်များတွင် ကြည့်ပါက ဤသို့အဓိပ္ပါယ်ဖွင့်ကြသည်ကို တွေ့ရပါမည်၊ "မပျောက်ပျက်နိုင်ခြင်း = သေခြင်းမှလွတ်ကင်းခြင်း၊ နိတ္တိဖြစ်သွားအောင်လုပ်မရခြင်း၊ မကုန်ဆုံးနိုင်အောင် ဆက်လက်တည်ရှိခြင်း၊ ထာဝရဖြစ်ခြင်း။"

ထိုသို့အနက်ဖွင့်ခြင်းက ကျွန်တော်တို့၏အသုံးအနှုန်းကို ဂရိတို့၏အတွေးအခေါ်က လွှမ်းမိုးထား၍ဟု ပြောနေပါသည်။ ဂရိလူမျိုးတို့၏ အတွေးအခေါ်အရ အင်မော်တဲလ်လီတီး(မပျောက်ပျက်နိုင်ခြင်း) ဆိုသည်မှာ သေပြီးနောက် လူ၏ဝိညာဉ်သည် ဆက်လက်၍တည်ရှိနေပါသည်ဟု အဓိပ္ပါယ်ရှိပါသည်။

ကျမ်းစာက အင်မော်တဲလ်လီတီး(မပျောက်ပျက်နိုင်ခြင်း)ဆိုသည်မှာ အမြဲတမ်း၊ အဆက်မပြတ်ဆက်၍ တည်ရှိနေခြင်း သက်သက်ကိုသာ ပြောပါသလား? ပထမအနေနှင့် ကျမ်းစာက ဘုရားသခင်သည် မပျောက်ပျက်နိုင်သူ (အင်မော်တဲလ်)ဟု ပြောပါသည်။ "လောကဓါတ်တို့၏ ဘုရင်တည်းဟူသော၊ ဖေါက်ပြန်ပျက်ဆီးခြင်းနှင့်ကင်းလွတ်တော်မူထသော(အင်မောတဲလ်)၊ မျက်မြင်မရ၊ အရူပဖြစ်တော်မူထသော၊ တဆူတည်းသောဘုရားသခင်သည် ကမ္ဘာအဆက်ဆက် ဂုဏ်အသရေ၊ ဘုန်းအာနုဘော် ရှိတော်မူစေသတည်း၊ အာမင်" (၁တိ ၁း၁၇)။ ထို့အတူ ၁တိ ၆း၁၄-၁၆တွင်လည်း "အလုံးစုံတို့ကို အသက်ရှင်စေတော်မူထသော ဘုရားသခင့်ရှေ့မှာ၄င်း၊ ပုန္တိပိလတ်မင်းထံ ကောင်းသောဝန်ခံခြင်းဖက်၌ သက်သေခံတော်မူသော ယေရှုခရစ်ရှေ့မှာ၄င်း၊ ငါသည်သင့်ကို ပညတ်ထား၏၊ မရဏာနှင့်ကင်းလွတ်သောသူတပါးတည်းဖြစ်တော်မူထသော(အင်မောတဲလ်လီတီး)၊ အဘယ်သူမျှ မချဉ်းကပ်နိုင်သောအလင်းထဲ၌နေတော်မူထသော၊ အဘယ်သူမျှ မမြင်းဘူးရာ၊ မမြင်နိုင်ရာ ဖြစ်တော်မူထသော၊ မင်္ဂလာရှိသော တပါးတည်းသောအရှင် ဖြစ်တော်မူထသော၊ ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏ သခင်သည်၊ ကာလအချိန်ရောက်သောအခါ၊ သခင်ယေရှုခရစ်၏ ပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်၊ ထိုဘုရားသခင်သည် ထာဝရ ဂုဏ်အသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း၊ အာမင်"ဟု ပြောထားပြန်ပါသည်။ ဒုတိယအနေနှင့် ကျမ်းစာက မပျောက်ပျက်နိုင်ခြင်း(အင်မော်တဲလ်) ဆိုသည့်စကားလုံးကို ယုံကြည်သူတို့နှင့်ပတ်သက်၍ တခါတည်းသာ သုံးပါသည်။ "ယခုမျက်မှောက် ပုတ်တတ်သောအရာသည် မပုတ်နိုင်သောအဖြစ်သို့ ဝင်စားရမည်၊ ယခုမျက်မှောက် သေတတ်သော(မော်တဲလ်)အရာသည်၊ မသေနိုင်သောအဖြစ်(အင်မော်တဲလ်)သို့ ဝင်စားရမည်၊ ဤပုတ်တတ်သောအရာသည် မပုတ်နိုင်သောအဖြစ်သို့၄င်း၊ ဤသေတတ်သောအရာ(မော်တဲလ်)သည် မသေနိုင်သော(အင်မော်တဲလ်)အဖြစ်သို့၄င်း၊ ဝင်စားသောအခါ၊ သေခြင်းသည်အောင်ခြင်း၌ နစ်မြုတ်ပြီဟု ကျမ်းစာ၌လာချက် ပြည့်စုံလိမ့်မည်" (၁ကော ၁၅း၅၃-၅၄)။

ထိုအချက်များကိုကြည့်ခြင်းဖြင့်၊ ချက်ချင်းပြောနိုင်သည်မှာမပျောက်ပျက်နိုင်ခြင်း(အင်မော်တဲလ်) ဆိုသည့်စကားလုံးကို သခင်ခရစ်တော်အား မယုံကြည်သူတို့အတွက် သုံး၍မရပါ ဆိုသည့်အချက်ဖြစ်သည်။ ဂရိဘာသာဖြင့် "အာသန်နေးစီးယာ"ဟုခေါ်ပါသည်၊ အဓိပ္ပါယ်မှာ သေခြင်း၏အပြင်ဖက်၊ သေခြင်းမရှိခြင်း ဟူ၍ဖြစ်ပါသည်။ ဘုရားသခင့်နှုတ်ကပတ်တော်က လူဆိုးလူမိုက်များကို သေခြင်းကင်းမဲ့သူ

များဟု မည်သည့်အခါတွင်မျှ မပြောပါ။ ထိုမှဆန့်ကျင်ဖက်၊ သေမည့်သူများဟုသာ ပြောပါသည်။ ကမ္ဘာဦးကထဲက ပြောခဲ့ပါသည်၊ "ထိုအပင်၏အသီးကို စားသောနေ့တွင် သေရမည်" (ကမ္ဘာ ၂း၁၇)။ အာဒံနှင့်ဧဝ မစားပါနှင့်ဟုပြောထားသော အသီးကို စားသောနေ့တွင် တကယ်ပင် ဖြစ်ပျက်ခဲ့ပါသည်၊ "ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရား ဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြသည်" ရောမ ၅း၁၂။ သေခြင်း၏ ဂုဏ်လက္ခဏာကို ဆာလံကျမ်းက ပြောပြပါသည်၊ "အကယ်စင်စစ်၊ ကိုယ်တော်နှင့် ဝေးဝေးနေသောသူတို့သည် ပျက်စီးခြင်းသို့ ရောက်ကြပါ၏၊ ကိုယ်တော်နှင့် ကွာ၍ မှားယွင်းသောသူအပေါင်းတို့ကို ပယ်ရှင်းတော်မူ၏" ဆာလံ ၇၃း၂၇။ ထိုဆာလံကို သီချင်းအဖြစ် ယွှုလို ဆီလျှော်အောင် ရေးစပ်ပါသည်၊ "ဘုရားနှင့်ကွာ၍နေခြင်းသည်၊ သေခြင်းဖြစ်သည်၊ သူ့မျက်နှာတော်ကိုမြင်ရခြင်းသည် ကောင်းမြတ်လှပါ၏။"

ထိုသို့သောအိုင်ဒီယာကို ၁ပေ ၃း၁၂ ၌လည်းတွေ့ရပါသည်၊ "ဒုစရိုက်ပြုသောသူတို့ကိုကား၊ ထာဝရဘုရားသည် မျက်နှာလွှဲတော်မူ၏(ဆန့်ကျင်တော်မူ၏)။" ထိုကျမ်းပိုဒ်က သခင်ယေရှုခရစ်တော်ကို မယုံကြည်ကြသူ ဆိုးညစ်သူတို့၏ခန္ဓာနှင့် ဝိညာဉ်အပေါ် ထားရှိသော ဘုရားသခင်၏ စိတ်ထားကို ဖော်ပြနေပါသည်။ မြေကြီးပေါ်မှာ အသက်ရှင်နေကြစဉ်တွင် သေလျှက်ရှိကြပါသည်၊ ယွှုဘဝကုန်ဆုံးလျှက်သေကြသောအခါ ပို၍နက်ရှိုင်းသောသေခြင်းသို့ ဆင်းသက်ကြပါသည်။ ကိုယ်ခန္ဓာသေဆုံးခြင်းက သူတို့ကို ဘုရားသခင်နှင့် ပို၍ဝေးရာသို့ ဆောင်ယူသွားပါသည်။ တမန်တော်ယောဟန်က မယုံကြည်သူတို့၏ ဒုတိယသေခြင်းကို ဤသို့ရေးသားဖော်ပြပါသည်၊ "သူတို့ကို လှည့်ဖြားသော မာရ်နတ်ကိုလည်း၊ သားရဲနှင့်မိစ္ဆာပရောဖက်ရှိရာ မီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည် နေ့ညဥ့်မပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသောဝေဒနာကို ခံရကြလတံ့၊ ထိုအခါ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ချပစ်လေ၏၊ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း" (ဗျာ ၂၀း၁၀၊ ၁၄)။ ထို့ကြောင့် မပျောက်ပျက်နိုင်ခြင်း(အင်မော်တဲလ်)ဆိုသည့်စကားလုံးသည် သခင်ခရစ်တော်အားမယုံကြည်သူတို့နှင့် အကျုံးမဝင်ကြောင်း သိသာနေပါသည်။ သူတို့၏ဝိညာဉ်များသည် မပျောက်ပျက်နိုင်သောအရာမဟုတ်ပါ၊ သူတို့သည် သေကြပါသည်၊ ပို၍နက်ရှိုင်းသောသေခြင်း ငရဲသို့ ဆက်၍ရောက်ရှိကြပါသည်။

ဘုရားသခင်၏သားသမီးတို့သာ မပျောက်ပျက်နိုင်သူများ(အင်မော်တဲလ်များ)ဖြစ်ကြပါသည်။ သူတို့၏ဝိညာဉ်များသည် မပျောက်ပျက်နိုင်ကြပါ၊ သူတို့၏ကိုယ်ခန္ဓာများသည်လည်း မပျောက်ပျက်နိုင်သောအဖြစ်သို့ ရောက်ကြဦးမည်ဖြစ်ပါသည်။ သူတို့ကို "ထမြောက်ခြင်း၊ အသက်ရှင်ခြင်း"ဖြစ်သည့် သခင်ယေရှုခရစ်တော်က ကယ်တင်ထားပါသည်(ယော ၁၁း၂၅)။ ဘုရားသခင်က သူတို့အား အသစ်ပြုပြင်ပြောင်းလဲခြင်းကို ပေးတော်မူသည့်အခါ၊ ထိုအသက်ရှင်ခြင်းကို သဘောတရားအားဖြင့် မှုတ်သွင်းပေးတော်မူပါသည် (ယော ၃း၃)။ ထိုသို့ အသစ်မွေးဖွားခြင်းက သူတို့ကို အပြစ်နှင့် သေခြင်း၏တန်ခိုးမှ ကယ်တင်ပါသည်။ "ဘုရားသခင် ဖြစ်ဘွား(မွေးဖွား)စေတော်မူသောသူ မည်သည်ကား၊ ဒုစရိုက်ကို မပြုတတ်၊ အကြောင်းမူကား၊ ထိုသူ၌ မျိုးစေ့တော်သည် တည်လျှက်ရှိ၏၊ ထိုသူသည် ဘုရားသခင်ဖြစ်ဘွား(မွေးဖွား) စေတော်မူသောသူ ဖြစ်သောကြောင့် ဒုစရိုက်ကို မပြုနိုင်" (၁ယော ၃း၉)။ ထိုသခင်ခရစ်တော်၏ အသက်တာက ကျွန်တော်တို့ကို ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်ခြင်း ဆက်ဆံရေးသို့ ပို့ဆောင်ပေးပါသည်၊ "အကြောင်းမူကား၊ ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကို ကြည့်ရှုတော်မူ၏၊ သူတို့ဆုတောင်း ခြင်းကိုလည်း နားထောင်တော်မူ၏" (၁ပေ ၃း၁၂)။ ထိုအသက်ရှင်ခြင်း၏ စွမ်းအားဖြင့် ကျွန်တော်တို့သည် ဘုရားသခင်ကို ရှာဖွေကြပါသည်၊ "တွေ့နိုင်သည့်ကာလတွင် ထာဝရဘုရားကို ရှာကြလော့၊ နီးတော်မူသည့် ကာလတွင် ဆုတောင်းပဌနာပြုကြလော့၊ ဆိုးသောသူသည် မိမိလမ်းကိုငှင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုငှင်း စွန့်ပစ်၍၊ ထာဝရဘုရားထံတော် ပြောင်းလဲပါစေ ထိုသို့ပြုလျှင် သနားတော်မူလိမ့်မည်၊ ငါတို့ဘုရားသခင်ထံတော်သို့ ပြောင်းလဲပါစေ၊ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်" (ဟေရှာ ၅၅း၆-၇)။ ထိုအသက်ရှင်ခြင်းအား ကျွန်တော်တို့အထဲသို့ ထည့်သွင်း

ပေးခြင်းကို "ပထမရှင်ပြန်ထမြောက်ခြင်း"ဟု ခေါ်ပါသည်၊ ၎င်းအားဖြင့် ကျွန်တော်တို့သည် ယျွဘဝကုန်လွန်ပြီးနောက်၊ ခန္ဓာနှင့်ဝိညာဉ် နောက်ဆုံးထမြောက်ခြင်းကို လမ်းမျှော်ကြည့်လျှက်ရှိကြပါသည်။ "ပထမ ထမြောက်ခြင်းကို ဝင်စားသောသူသည် မင်္ဂလာရှိသောသူ၊ သန့်ရှင်းသောသူဖြစ်၏၊ ထိုသို့သော သူသည် ဒုတိယသေခြင်း၏လက်နှင့် ကင်းလွတ်လျှက်၊ ဘုရားသခင်၏ ယဇ်ပုရောဟိတ်၊ ခရစ်တော်၏ ယဇ်ပုရောဟိတ်ဖြစ်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြလိမ့်မည်" (ဗျာ ၂၀း၆၊ ၁၂၊ ၁၃၊၂၁း၃)

**အဘယ့်ကြောင့် ယုံကြည်သူတို့ခန္ဓာကိုယ်အားဖြင့် သေရသေးသနည်း?**

ထိုမေးခွန်း၏လေးနက်မှုအား သဘာဝသေခြင်း(natural death)ဆိုသည်ကို ကောင်းစွာသဘောပေါက်မှ တန်ဖိုးထားနိုင်ပါမည်။ အစကတည်းက အထူးပြု၍ ပြောချင်သည်မှာ သေခြင်းသည် သဘာဝမဟုတ်ပါ ဆိုသည့်အချက်ဖြစ်သည်။ ကျွန်တော်တို့သည် သေခြင်းတရားက ပတ်ပတ်လည်တွင် ဝိုင်းနေသော လောကကြီးထဲတွင် အသက်ရှင်ကြ၍၊ သေခြင်းဆိုသည်မှာ သဘာဝပါဟု အထင်မှားတတ်ကြပါသည်။ တနေ့သေမည်ဟု သိလျှက် အသက်ရှင်ကြရသည်၊ ရှောင်လွှဲ၍မရသော လူအားလုံး၏အဆုံးသတ်ဖြစ်ပါသည်၊ "လူသည် တခါတည်းသေ၍ ထို့နောက်မှ တရားစီရင်တော်မူခြင်းကို ခံရသည်"(ဟေဗြဲ ၉း၂၇)။ သေခြင်းသည် အစိုးရတော်မူသောဘုရားသခင့်လက်တော်၏ လမ်းညွှန်မှုအောက်တွင် ရှိသောအရာဖြစ်သည်။ သူတပါးတည်းကသာ အသက်ကို ယူနိုင်ပါသည်။ ထို့ကြောင့် ဤသို့ပင်ပြောနိုင်ပါသည်၊ ဘုရားသခင်သည် လူတယောက်အပေါ် ထားရှိတော်မူသော သူ၏ရည်ရွယ်ချက် ပြီးမြောက်ပြီဆိုလျှင်၊ ထိုသူကို ဘုရားသခင်သည် သတ်တော်မူ၍၊ ကိုယ်ခန္ဓာသေခြင်းအားဖြင့် သူ၏ထာဝရနေထိုင်ရာအရပ်သို့ ရောက်စေတော်မူသည်။

သခင်ယေရှုခရစ်တော်က သူ၏လူများကို သေခြင်း၏ကျိန်ခြင်းအောက်မှ ကယ်လွှတ်တော်မူပါသည်။ ပြည့်စုံသော ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် လက်ဝါးကပ်တိုင်ပေါ်တွင် မိမိ၏အသွေးဖြင့် ယဇ်ပူဇော်ကာ၊ သူရွေးကောက်ထားသူတို့၏ အပြစ်များအတွက် ပေးဆပ်တော်မူပါသည်၊ "ထို့ကြောင့် ခရစ်တော်သည် (သူ့)လူတို့၏ အပြစ်ဖြေစရာအကြောင်းကို စီရင်၍၊ ဘုရားသခင်နှင့် စပ်ဆိုင်သောအရာတို့၌ ဂရုဏာနှင့်၎င်း၊ သစ္စာနှင့်၎င်း ပြည့်စုံသော ယဇ်ပုရောဟိတ်အကြီး ဖြစ်အံ့သောငှာ၊ မိမိညီအကိုတို့နှင့် လုံးလုံး တူရသောအဖြစ်ကို ယူတော်မူ၏" (ဟေဗြဲ ၂း၁၇)။ အပြစ်ဖြေခြင်း အသွေးတော်ဖြင့် သခင်ခရစ်တော်သည် မိမိလူများကို သေခြင်းမှနေ၍ ပြည့်ဝစွာ ကယ်တင်တော်မူပါသည်၊ ကျိန်ခြင်းကို ထာဝရဖယ်ရှား ပေးပါသည် (၁ကော ၁၅း၅၅-၅၇)။

ယုံကြည်သူတယောက်သည် အဘယ်ကြောင့် ကိုယ်ခန္ဓာသေခြင်းကို ဖြတ်သန်းရပါသနည်း? အထက်က ပြောပြပြီးခဲ့သည့်အချက်များအရ ဘုရားသခင်၏သားသမီးတယောက်အတွက် သေခြင်းဆိုသည်မှာ အပြစ်ဒဏ်ခံရခြင်း မဟုတ်ကြောင်း ရှင်းနေပါသည်။ ကိုယ်ခန္ဓာသေခြင်းအပေါ်၌ ရှိနေသော ကျိန်ခြင်း အမင်္ဂလာကိုလည်း သခင်ခရစ်တော်က ဖယ်ရှားပေးပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာသေခြင်းကို ကျွန်တော်တို့သည် အရာခပ်သိမ်းအတွက် ထားရှိတော်မူသော ဘုရားသခင်၏ ရည်ရွယ်တော်မူချက် ခေါင်းစဉ်အောက်တွင်ထား၍ စဉ်းစားကြရပါမည်။ တကမ္ဘာလုံးသည် သေခြင်း၏ကျိန်ခြင်းအောက်တွင် ရောက်နေပါသည်။ ထိုနေရာတွင် လူသားမျိုးနွယ်အားလုံး ပါပါသည် (ရောမ ၃း၂၃)၊ ဖန်ဆင်းခြင်းတခုလုံး ပါပါသည် (ရောမ ၈း၂၂)။ သေခြင်း၏ ကျိန်ခြင်းအောက်မှ မိမိလူများကို ဆွဲထုတ်လျှက် ကယ်တင်ရန်သည် ဘုရားသခင်၏ ရည်ရွယ်ချက်ဖြစ်ပါသည်။ ထို ပြည့်စုံလှသောအကြံအစည်တော်ကို ဘုရားသခင်သည် အချိန်ဆိုသော နည်းလမ်းဖြင့် အကောင်အထည်ဖေါ်ပါသည်။ ထိုအချက်က ထာဝရကာလ ၏ အလုံးစုံသော ပြည့်စုံခြင်းသည် အချိန်၏အဆုံးသတ်ကို စောင့်ရပါမည်ဟု ပြောနေပါသည် (၁ကော ၁၅း၂၅-၂၈)။ ထို့ကြောင့် ကျွန်တော်တို့ ယုံကြည်သူများ၏ဘဝများသည် သေခြင်းအရိပ်လွှမ်းမိုးသော ချိုင့်ဝှမ်းထဲ လျှောက်လှမ်းနေရသလို ဖြစ်ပါသည် (ဆာလံ ၂၃း၄)။

ကိုယ်ခန္ဓာသေဆုံးခြင်းသည် သခင်ခ ရစ်တော်က ကျွန်တော်တို့ကို ကျိန်ခြင်းလွှမ်းမိုးရာအရပ်မှ ခွဲထုတ်လိုက်သော နည်းလမ်း ဖြစ်ပါသည်။ ဤကမ္ဘာပေါ်တွင် ကျွန်တော်တို့ဘဝများအတွက် ထားရှိသော ဘုရားသခင်၏ရည်ရွယ်ချက်များ ပြီးသော အခါ ခန္ဓာကိုယ်သေဆုံးခြင်းဖြင့် လောကကျိန်ခြင်းမှနေ၍ ခွဲထုတ်ပစ်လိုက်ပါသည်။ ထို့သို့ဖြင့် ကျွန်တော် တို့၏ ဝိညာဉ်များကို ပို၍မြင့်မားသော ဂုဏ်အသရေထဲသို့ ကယ်တင်လိုက်ကာ၊ ရှင်ပြန်ထမြောက်လျှက် ခန္ဓာနှင့်ဝိညာဉ် ပြန်ပေါင်းမည့်နေ့ကို စောင့်မျှော်စေပါသည်။ ထို့ကြောင့် ယုံကြည်သူတို့အတွက် သေခြင်း သည် ကျိန်ခြင်းမဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ ယုံကြည်သူတို့အတွက် သေခြင်းသည် သခင်ခရစ်တော်၏ အစေခံတပါး ဖြစ်သည်၊ ထိုအစေခံအားဖြင့် သခင်ခရစ်တော်သည် ကျွန်တော်တို့ကို ထာဝရအသက်ရှင် ခြင်းသို့ ကယ်တင်တော်မူပါသည် (၂ကော ၄း၁၆)။

## ငြိမ်းချမ်းလှသောအခြေအနေသို့ရောက်ရှိခြင်း(The Conscious State of Blessedness)

ယုံကြည်သူတယောက်သည် သေပြီးလျှင်ပြီးခြင်း ဘုန်းကြွယ်ဝခြင်းကို သိစိတ်နှင့်ခံစားနိုင်သော နေရာသို့ ရောက်ရှိပါသည် ဆိုသည့်အကြောင်းကို အနည်းငယ်မျှ သံသယဖြစ်စရာ မလိုပါ။

ထိုအချက်ကို ပို၍သေချာရန် “ဝိညာဉ်-အိပ်ပျော်ခြင်း”(soul-sleep)ဟု ခေါ်လေ့ရှိကြသည့် သွန် သင်ချက်၏ မှားယွင်းခြင်းကို ဖေါ်ပြပါမည်။ ထိုအမြင်အရ လူ၏ဝိညာဉ်သည် သေပြီးသည်နှင့် မေ့မြော သွားကာ၊ ရှင်ပြန်ထမြောက်ချိန်ရောက်မှ ပြန်သတိရလာသည်။ ဤအမြင်ကို သင်ကြားသူများက သူတို့ အမြင်သည် ကျမ်းစာနှင့်ညီကြောင်း၊ သေခြင်းကို အိပ်ပျော်ခြင်းဟု ပြောပြသည့် ကျမ်းပိုဒ်များကို ကိုး ကားကြပါသည်။ “ညီအကိုတို့ မျှော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း အိပ်ပျော်သောသူတို့၏ အမှုအရာကို မသိဘဲ နေစေခြင်းငှာ ငါတို့ အလိုမရှိ” (၁သက် ၄း၁၃)။ “အကျွန်ုပ်မူကား ဖြောင့်မတ်၍ မျက်နှာတော်ကို ဖူးမြင်ရပါလိမ့်မည်၊ နိုးသောအခါ ပုံ သဏ္ဍာန်တော်အားဖြင့် အကျွန်ုပ်အလို ပြည့်စုံရပါလိမ့်မည်” (ဆာလံ ၁၇း၁၅)။ ပေတရုကလည်း ဆာ လံ(၁၆)ကို ကိုးကား၍ ထိုသို့ပြောပါသည်၊ “အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ၊ ကိုယ်တော်၏ သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းကို ရှိစေတော် မမူ” (တမန် ၂း၂၇)။ ထိုကျမ်းပိုဒ်တို့ကို အသုံးပြု၍ သေပြီးသောအခါ လူသည် မည်သည့်ကောင်းချီးခံ စားရသောအခြေအနေကိုမှ မတွေ့ကြုံရပါ၊ ရှင်ပြန်ထမြောက်ရာနေ့မှာသာ ပြန်ထလာကြပါမည်ဟု တွေး ခေါ်ကြသည်။ ထိုသူတို့က သခင်ယေရှု၏စကားလုံးများကို အရှိကိုအရှိအတိုင်း ယူကြသောကြောင့်ဖြစ် သည်၊ “ငါတို့ အဆွေ လာဇရုသည် အိပ်ပျော်၏၊ သူ့ကိုနှိုးခြင်းအလို့ငှာ ငါသွားမည်” (ယော ၁၁း၁၁)။ ထို့အပြင် ဤဝါဒကို သင်သူများက၊ လူ၏ဝိညာဉ်သည် ယခုအသက်ရှင်နေစဉ် ခန္ဓာကိုယ်မရှိက ဘာမှမ လုပ်နိုင်သလို၊ သေပြီးသည့်အခါတွင်လည်း ထိုအတူဖြစ်သည်ဟု ယူဆကြပါသည်။ ဝိညာဉ်သည် ခန္ဓာ ကိုယ်မပါဘဲ၊ လှုပ်ရှားနိုင်သည်၊ သိနိုင်သည်ဆိုခြင်းသည် ယုတ္တိမရှိ၊ ရှေ့နောက်မညီသော အတွေးဖြစ် သည်ဟု ပြောကြသည်။

ထိုကောက်ချက်ချမှုများကို အန်နာဘတ်(ပ်)တစ်နှင့် ရပ်ဆယ်နောက်လိုက်များက ပြုကြခြင်းဖြစ် သည်။ သူတို့၏သွန်သင်ချက်များ မှားနေပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျမ်းစာက သေခြင်းကို အိပ် ပျော်ခြင်းဟု အသုံးပြုတိုင်း၊ ကိုယ်ခန္ဓာကိုယ်ကို ရည်ညွှန်း၍ ပြောဆိုနေခြင်းသာဖြစ်သည်။ ထိုကျမ်းပိုဒ် များအားလုံးကို သေချာစွာလေ့လာကြည့်ပါက သေခြင်းကို အိပ်ပျော်ခြင်းဟု ပြောလေတိုင်း၊ အသွေးအ သားနှင့်ဆိုင်သောရှုထောင့်မှ သေခြင်းအကြောင်းကို ပြောနေကြောင်း တွေ့ရပါမည်။ ထိုအချက်သည် လက်တွေ့နှင့်လဲ ကိုက်ညီနေပါသည်။ ကိုယ်ခန္ဓာနှင့်ဆိုင်သော သေခြင်း၏စွမ်းအားသည် အိပ်ပျော်ခြင်း နှင့် တူပါသည်။ ကြည့်ပါ၊ လူသေသည် ငြိမ်သက်စွာလဲလျောင်းနေပါသည်၊ ဝိုင်းရံထားသူများကို မသိ တော့ပါ၊ အနားယူဖို့ လဲလျောင်းနေသလိုဖြစ်၍၊ ထမြောက်ရာကာလမှသာ ပြန်ထလာပါမည်။ ထို့ကြောင့် ကိုယ်ခန္ဓာမြုတ်နှံခြင်းကို ကျမ်းစာက ပုတ်ပျက်တတ်ခြင်းသို့ စိုက်ပျိုးခြင်း၊ သို့သော်

မပုပ်နိုင်သောသဘော သို့ ထမြောက်မည်ဟု ပြောပါသည် (၁ကော ၁၅း၄၂)။ ကျမ်းစာထဲတွင်ပါသော သေခြင်းမှ ပြန်၍ထ မြောက်ခဲ့ကြသူများမှာ(ဥပမာ - လာဇရု) ချွင်းချက်အနေနှင့်ထားရပါမည်၊ ထိုချွင်းချက်များထဲမှ ဥပဒေ သကို ထုတ်၍မဖြစ်နိုင်ပါ။ ဘုရားသခင်ထံတွင် လာဇရုကို ထမြောက်စေခြင်း၌ အထူးရည်ရွယ်ချက် ရှိပါ သည်။ ဘုရားသခင်က ခဏတဖြုတ် သူ၏ဝိညာဉ်ကို၊ သခင်ယေရှုက ပြန်မရှင်ခိုင်းမှီအထိ၊ အိပ်ပျော်နေ စေခြင်း ဖြစ်ပါသည်။ သို့သော် ဘုရားသခင်က လာဇရုဝိညာဉ်ကို ကောင်းကင်ဘုံ၏ဘုန်းအသရေကို မြည်းစေပြီးမှ သေခြင်းလွှမ်းမိုးသော ဤကမ္ဘာသို့ ပြန်လွှတ်ခြင်းဖြစ်လျှင် အတော်မတရားရာ ကျပါမည်။

ကျမ်းစာက ယုံကြည်သူတို့သည် သေသည်နှင့် ချက်ခြင်း ဘုန်းအသရေကိုခံစားကြဖို့ မျှော်လင့်ရမည်အကြောင်း သက်သေသာဓက အမြောက်အများကို ပေးထားပါသည်။ ကိုယ်ခန္ဓာမပါဘဲ ဝိညာဉ်သည် မည်ကဲ့သို့ ဆက်လက်ဖြစ်တည်နေမည် ဆိုသည်မျိုးကို အကုန်အစင် နားမလည်နိုင်သော်လည်း၊ ဘုရားသခင်အတွက် အရာခပ်သိမ်းသည် ဖြစ်နိုင်ကြောင်းကို ကျွန်တော်တို့ ယုံကြည်ကြပါသည်။

ရှင်ပေါလုက ဖိလိပ္ပိအသင်းတော်သို့ ဤသို့ရေးခဲ့ပါသည်၊ "အဘယ်သို့နည်းဟူမူကား၊ ငါသည် အလျှင်း ရှက်ကြောက်ခြင်းမရှိ၊ ရဲရင့်ခြင်းနှင့်ပြည့်စုံ၍ အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ငါ့ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ် ဂုဏ်အသရေ ထင်ရှားတော်မူမည်၊ ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏၊ သေလျှင်မူကား သာ၍အကျိုးရှိ၏" (ဖိလိ ၁း၁၉-၂၁)။ ဆာလံရေးသားသူ အာသကလည်း ထိုနည်းတူပြောပါသည်၊ "သို့သော်လည်း အကျွန်ုပ်သည် ကိုယ်တော်ထံမှာအစဉ်ရှိ၍၊ အကျွန်ုပ်၏လက်ျာလက်ကို ဆွဲကိုင်တော်မူ၏၊ အကျွန်ုပ်ကိုဉာဏ်ပေး၍ ပဲ့ပြင်မူမည်၊ နောက်တဖန် ဘုန်းအသရေ၌ သိမ်းယူတော်မူမည်" (ဆာလံ ၇၃း၂၃-၂၄)။ သခင်ခရစ်တော်ကိုယ်တိုင်က လက်ဝါးကပ်တိုင်ပေါ်မှ ရာဇဝတ်သားထံ ဤသို့ပြောခဲ့ပါသည် "ယနေ့တွင် သင်သည်ငါနှင့်အတူ ပရဒိသုဘုံတွင်ရှိလိမ့်မည်" (လု ၂၃း၄၃)။ သခင်ယေရှုကော ရာဇဝတ်သားကော နှစ်ယောက်စလုံး ချက်ခြင်း ထိုဘုန်းအသရေကို ခံစားရသည့်အခြေအနေသို့ရောက်ကြပါသည်။ ထိုပရဒိသုဘုံကို ပို၍ပြည့်စုံအောင် ကျမ်းစာ၌ဆက်ဖေါ်ပြထားသည်၊ "တဆယ့်လေးနှစ်အထက်က၊ ခရစ်တော်၏တပည့်ဖြစ်သော လူတယောက်ကို တတိယကောင်းကင်နိုင်ငံသို့တိုင် ချီဆောင်သည်အကြောင်းကို ငါသိ၏၊ ထိုအခါ သူ၌ ကိုယ်ခန္ဓာပါသည် မပါသည်ကို ငါမသိ၊ ဘုရားသခင် သိတော်မူ၏၊ ထိုသူသည် ပရဒိသုဘုံသို့ ချီဆောင်ခြင်းကိုခံရ၍၊ လူမပြောအပ် မပြောနိုင်သော စကားကို ကြားသည်" (၂ကော ၁၂း၂-၄)။ ထိုနေရာသည် ဘုရားသခင်၏ပလ္လင်တော် တည်ရှိရာဖြစ်ကြောင်း ထင်ရှားလှပါသည်။ တမန်တော်ယောဟန် ပတ်မုကျွန်းတွင် ဗျာဒိတ်တော်ထဲ၌ ဤသို့ တွေ့မြင်ခဲ့ပါသည်၊ "ယေရှု၏ သက်သေခံတော်မူချက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့် လည်ပင်းဖြတ်ခြင်းကို ခံရသောသူတို့၏ဝိညာဉ်များကို ငါမြင်၏၊" ထိုဝိညာဉ်များသည် အိပ်ပျော်မနေကြပါ၊ "သူတို့သည် အသက်ရှင်၍ အနှစ်တထောင်ပတ်လုံး ခရစ်တော်နှင့်အတူ စိုးစံရကြ၏" (ဗျာ ၂၀း၄)။ ထို နှစ်တထောင် ဆိုသည်မှာ၊ ဧဝံဂေလိတရားကို ဟောကြား၍၊ အသင်းတော်ကို စုစည်းနေချိန် ယနေ့ခေတ် အား ရည်ညွှန်းနေခြင်းဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူတိုင်း ကိုယ်ခန္ဓာသေသည်နှင့်ချက်ခြင်း ဘုရား သခင်ထံရောက်မည်ဟု သံသယကင်းစွာ ယုံကြည်နိုင်ပါသည် (ဆာလံ ၁၃၉း၁၈)။

ထိုဘုန်းအသရေသည် မည်မျှပင် ကြီးမြတ်လှသည်ဆိုသော်ငြား၊ ၎င်းသည် နောက်ဆုံးအဆင့် မဟုတ်သေးပါ။ အသင်းတော်တခုလုံး မပြည့်စုံသေးပါ။ ထို့ကြောင့် ကောင်းကင်ဘုံသို့ ရောက်နှင့်နေသူများက ယခုလို မေးမြန်းကြပါသည်၊ "သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသောအရှင်၊ မြေပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကို သွန်းကြသောအပြစ်နှင့်အလျှောက် ဒဏ်မပေးဘဲ အဘယ်မျှလောက်ကာလပတ်လုံးနေတော်မူမည်နည်း?" (ဗျာ ၆း၁၀)။ ကိုယ်ခန္ဓာပြန်လည်ထမြောက်ခြင်း၊ အသင်းတော်ကို အပြည့်အဝစုစည်းခြင်း စသည်တို့ကိုစောင့်လျှက်၊ ကောင်းကင်ဘုံတွင် ရောက်နှင့်နေသော သန့်ရှင်းသူတို့ သည် ပို၍ကောင်းမြတ်သော နေ့တနေ့ကို မျှော်ကြည့်နေကြပါသည်၊

ထိုနေ့တွင် "ဘုရားသခင်သည် သူ တို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်၊ . . . . . အဘယ်ကြောင့်ဆိုသော် ရှေးဖြစ်ဖူး သော အရာတို့သည် ရွှေ့သွားကြပြီ၊ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသောသူကလည်း ငါသည် ခပ်သိမ်း သောအရာတို့ကို အသစ်ဖန်ဆင်းသည်ဟု မိန့်တော်မူ၏" (ဗျာ ၂၁း၄-၅)။

**ဆိုးညစ်သူတို့အတွက်မူ အပြစ်ဒဏ်ခံရခြင်း**(Punishment for the Wicked)

ရိုမန်ကက်သလစ်ဂိုဏ်းက မှားယွင်းစွာနှင့် ဘုရားသခင့်သားသမီးတို့သည်လည်း သေပြီးသောအခါ ဝေဒနာများခံစားရဦးမည်ဟု သွန်သင်ပါသည်။ ထိုသြဝါဒကို ငရဲကလေး(ပါဂက်တိုရီ)ဝါဒဟု ခေါ်ပါသည်။ သူတို့ကိုးကားသောကျမ်းပိုဒ်မှာ ၁ကော ၃း၁၃၊ ၁၅ ဖြစ်သည်၊ "အသီးသီး လုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်၊ အဘယ်သို့နည်းဟူမူကား ဖေါ်ပြချိန်နေ့ရက်သည် မီးအားဖြင့် ထင်ရှားစေလိမ့်မည်၊ လူ တိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည် စစ်ကြောစုံစမ်းလိမ့်မည်၊ . . . အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏၊ ထိုသူသည် အရှုံးခံရလိမ့်မည်၊ သို့သော်လည်း မီးနှင့်လွတ်သ ကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။" သူတို့၏အမြင်အရ ကျွန်တော်တို့သည် ဗတ္တိဇံအား ဖြင့် မူလအပြစ်မှ လွတ်ကြသည်၊ "ယူခါးရစ်"ဆိုသော ပွဲတော်မုန့်ကို စားသုံးခြင်းဖြင့် ဆိုးဝါးသောအပြစ် များမှ လွတ်ကြသည်၊ နောင်တရ၍ ဘုန်းတော်ကြီးထံအပြစ်ဝန်ချခြင်း၊ ငရဲကလေးတွင်ခံစားခြင်း စသည် တို့ဖြင့် အပြစ်အသေးအဖွဲတို့မှ လွတ်မြောက်သည်ဟု သင်ပါသည်။ ဤအမြင်အရ သေပြီးသောအခါ တွင်လည်း သန့်ရှင်းစင်ကြယ်စေသည့် လုပ်ငန်းစဉ် ရှိသေးသည့် သဘောဖြစ်သည်။ သို့သော် သူတို့ကိုး ကားသောကျမ်းပိုဒ်များက သူ့တို့အမြင်ကို မထောက်ခံပါ၊ ထို့ကြောင့် ကျမ်းပယ်များမှ တခုဖြစ်သော မက်ခါဘီဒုတိယစာစောင် ၁၂း၄၂-၄၅ ကို အားကိုးကြရပါသည်။ ၁ကော ၃း၁၃၊ ၁၅ က ကိုယ်ခန္ဓာကို တောက်လောင်သော တကယ့်မီးကို ပြောနေခြင်းမဟုတ်ပါ၊ ပုံဆောင်ချက်ဖြစ်သည်၊ ကမ္ဘာအဆုံးတွင် ထို သို့သော စစ်ဆေးမှုပုံစံတခုရှိမည်ဟု ပြောနေခြင်းဖြစ်သည်။ ငရဲကလေးဟုခေါ်သည့် ပါဂက်တိုရီဝါဒက သခင်ခရစ်တော်၏ ယဇ်ပူဇော်ခြင်းကဲ့သို့ အသေခံခြင်းသည် ပြည့်စုံလုံလောက်မှုမရှိပါဟု ဆိုရာရောက် နေပါသည်။ ကျမ်းစာက လက်မခံပါ (ဟေဗြဲ ၉း၂၅၊ ၂၆)။

နောင်တမရသူ၊ ဆိုးညစ်သော မယုံကြည်သူများသာ ကိုယ်ခန္ဓာသေသည်နှင့် ချက်ခြင်း နာကျင် စွာ ဝေဒနာခံစားရခြင်းကို သိရှိကြမည်ဖြစ်သည်။ "သူဌေးကြီးနှင့်လာဇရု"ဥပမာတော်က ထိုအချက်ကို ထင်ရှားနေစေပါသည်။ "တနေ့သ၌ ထိုဆင်းရဲသားသည် သေလွန်၍၊ ကောင်းကင်တမန်တို့သည် အာဗြ ဟံ ရင်ခွင်သို့ ပို့ဆောင်ကြ၏၊ သူဌေးသည်လည်း သေလွန်၍ သင်္ဂြိုဟ်ခြင်းကို ခံရ၏၊ မရဏာနိုင်ငံ၌ ပြင်း ပြစွာသော ဝေဒနာကို ခံစားရလျှက် မျှော်ကြည့်၍ အာဗြဟံကို၎င်း၊ အာဗြဟံ၏ရင်ခွင်၌ လာဇရုကို၎င်း အဝေးကမြင်၏" (လု ၁၆း၂၂-၂၃)။ လာဇရုသည် သေသည်နှင့်ချက်ခြင်း ဩတ္တပစိတ်၏ ငြိမ်းချမ်းမှုကို ခံစားရသည်၊ ထိုမှဆန့်ကျင်စွာ သူဌေးကြီးသည်လည်း ချက်ခြင်း ဩတ္တပစိတ်၏ နာကျင်စွာခံစားရမှုကို ခံစားရပါသည်။

ဆိုးညစ်သူတို့သည် သေပြီးသည်နှင့် အားလုံး ပြီးဆုံးသွားသည်၊ ဆက်လက် ဖြစ်တည်မှု တခုမှ မရှိတော့ပါ ဆိုသည့် အမြင်မှားမှုနေ၍ မည်သည့်နှစ်သိမ့်မှုကိုမှ ရမည်မဟုတ်ပါ။ ဘုရားသခင်၏ ဖြောင့် မတ်ခြင်းသာ ထာဝရ ရပ်တည်နေမည်ဖြစ်သည်။ ဘုရားသခင်က အပြစ်ပြုသောဝိညာဉ်သည် သေရမည် ဟု ပြောသည့်အခါ၊ ခေတ်တခဏသာခံရသည့် ဝေဒနာခံစားရမှုများနှင့် စတင်ခံစားရမည်ဖြစ်ပြီး၊ တရား စီရင်ခြင်း ပြီးသည့်အခါ ပို၍နက်ရှိုင်းသော ဝေဒနာခံစားခြင်းသို့ နစ်မြုတ်သထက် နစ်မြုတ်သွားမည် ဖြစ် သည်၊ "ပိုးမသေ၊ မီးမငြိမ်းရာ၊ ငရဲအတွင်း မငြိမ်းနိုင်သောမီးထဲသို့" သွားကြရပါသည်(မာကု ၉း၄၃၊၄၄)။

**ကျွန်တော်တို့နေထိုင်ရာနေရာ**(Our Personal Abode)

ဤစာ၏ခေါင်းစဉ်ကို ခင်ဗျားမှတ်မိပါမည်၊ "သေပြီးနောက် ကျွန်တော်တို့ဘဝများ ဆက်လက်ရှင်နေပါသည်။" ထိုအချက်သည် တယောက်ချင်းအတွက် ဖြစ်ပါသည်။ လက်တွေ့မကျသော ဝါဒတခု သက်သက်မဟုတ်ပါ။ အင်မတန် ပုဂ္ဂိုလ်ရေးဆန်ပါသည်၊ သေပြီးနောက် ကျွန်တော့်ဘဝ၊ ကျွန်တော်တို့ဘဝ ဖြစ်ပါသည်။

ဘုရားသခင့်နုတ်ကပတ်တော်ကို လေးနက်စွာခံယူသူတိုင်းအတွက် အရေးကြီးပါသည်။ လူတိုင်းအတွက် သေသည်နှင့်ချက်ခြင်း ဝမ်းသာခြင်းကလား၊ ဝေဒနာခံစားခြင်းကလား တွေ့ဖို့စောင့်နေပါသည်။ ဝမ်းမြောက်စွာ နေထိုင်ရခြင်းအတွင်း ဘုရားသခင့်သားသမီးတို့ ရောက်ကြ၍ ကယ်တင်သော ဘုရားသခင်ကို ချီးမွမ်းလျှက် သီချင်းဆိုကြပါသည် "အသေသတ်ခြင်းကို ခံပြီးသော သိုးသငယ်သည်၊ တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးမင်္ဂလာကို ခံထိုက်တော်မူ၏" (ဗျာ ၅း၁၂)၊ ဝေဒနာ ခံစားရသော နေရာတွင် ငိုးကြွေးလျှက်၊ အံသွားခဲကြိတ်ခြင်းတို့ ရှိနေပါသည် (မဿဲ ၂၄း၅၁)။

ဒြိတ္တပစိတ်မှ ဘုန်းအသရေကို ခံစားရခြင်းနေရာသို့ ရောက်ရန် လမ်းတခုသာရှိပါသည်။ ထိုလမ်းမှာ သခင်ယေရှု၌ ကယ်တင်ခြင်းရရှိသော ဘုရားသခင်၏လမ်းဖြစ်ပါသည်။ မည်သူမှ ဝင်ရောက်ဖို့ထိုက်တန်အောင် မစွမ်းဆောင်နိုင်ကြပါ၊ ကျွန်တော်တို့ထုတ်လုပ်သမျှ အကျင့်များသည် ဆိုးညစ်ခြင်းများသာ ဖြစ်ကြပါသည်။ သဘာဝအားဖြင့် ကျွန်တော်တို့သည် "ပရိညာဉ်ချိုးဖါက်သူများ၊ သဘာဝကို၌ကချစ်ခြင်းမရှိသူများ၊ ဂရုဏာမရှိသူများ၊ ထိုသို့ကျင့်သောသူတို့သည် ဘုရားသခင်၏စီရင်တော်မူခြင်းကို ခံထိုက်သူများဖြစ်သည်ဟု သိလျှက်နှင့် ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ကျင့်သောသူတို့၌လည်း အားရဝမ်းမြောက်ကြသူများ ဖြစ်ကြပါသည်" ရောမ ၁း၃၁၊ ၃၂။ ကယ်တင်ခြင်းရရန် နည်းလမ်းမှာ သခင်ခရစ်တော်က လက်ဝါးကပ်တိုင်ပေါ်တွင် ပြုလုပ်သော ပြည့်စုံသည့် ဖြောင့်မတ်ခြင်းလမ်းသာ ဖြစ်ပါသည် ဧဖက် ၂း၁-၁၀။

ခင်ဗျားအပြစ်များကို ဝန်ခံချက်ပြုပါ၊ ဆိုးညစ်သောလမ်းများမှ နောင်တရပါ၊ သခင်ယေရှု၏ စကားကို နားထောင်ပါ၊ "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့၊ ငါသည် ချမ်းသာပေးမည်" မဿဲ ၁၁း၂၈။ ထိုအနားပေးတော်မူခြင်းသည်၊ မိမိလူတို့အတွက် ကောင်းကင်နိုင်ငံဝင်ရောက်ရခွင့်ကို သခင်ခရစ်တော်က ပြုလုပ်ပေးသည့်နေရာ လက်ဝါးကပ်တိုင်အခြေတွင် ဖြစ်ပါသည်။

သခင်ခရစ်တော် ကျွန်တော်တို့ထဲ၌ နေတော်မူသောအခါ၊ ကျွန်တော်တို့သည် အောင်ပွဲခံလျှက်အော်ဟစ်ပါသည်၊ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ၊ သို့သော်လည်း အသက်ရှင်သေး၏၊ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏၊ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့် တည်၏၊ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏" ဂလာတိ ၂း၂၀။ ထိုအသက်ရှင်ခြင်းတွင် ကျွန်တော်တို့သည် မည်သည့်အခါတွင်မျှ မသေကြတော့ပါ ယော ၁၁း၂၆။

ဤစကားလုံးများကို ပြောလိုက်ပါ၊ သင်သည် သဘောပေါက်စွာနှင့် ပြောဆိုခြင်း ဖြစ်လာပါမည်၊ "အို သေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း၊ အိုမရဏာနိုင်ငံ သင်၏အောင်ခြင်းသည် အဘယ်မှာ ရှိသနည်း၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ငါတို့အား အောင်ခြင်းအခွင့်ကို ပေးတော်မူသော ဘုရားသခင်၏ ကျေးဇူးတော်သည် ကြီးလှစွတကား" ၁ကော ၁၅း၅၅၊ ၅၇။